# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

myantrade

September 13 , 2022 Volume 58, Number 9


၁၃.၉.၂၀၂၂

| | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၇၂၂ US$ |
| မြန်မာ့ရွှေဈေး | = N/A |
| ဒေါ်လာဈေး | = ၃၃၈၀ ကျပ် |
| CBM Rate | = ၂၁၀၀.၀ ကျပ် |
| ယူရို တစ်ယူရို | = ၂၁၃၄.၄ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၅၀၅.၉ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၂၄၅၈.၃ ကျပ် |
| ဩစတြေးလျတစ်ဒေါ်လာ | = ၁၄၄၉.၀ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၃၀၂.၉၃ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၆.၅၃၇ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၅၂.၇၀ ကျပ် |
| မလေးရှားရင်းဂစ် | = ၄၆၅.၈၄ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၅၇.၉၂၃ ကျပ် |

Source: CBM Rate, etrademyanmar.com

## သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာမီးပုံးများ မန္တလေးဈေးကွက်၌ စတင်ပြုလုပ်ရောင်းချ



Source: မြန်မာ့အလင်း

သီတင်းကျွတ်မီးထွန်းပွဲတော်အတွက် မြန်မာ့ရိုးရာမီးပုံးများနှင့် ဆက်စပ်ထုတ်ကုန်များ မန္တလေးဈေးကွက်၌ စတင်ပြုလုပ်ရောင်းချနေပြီဖြစ်ပြီး ယမန်နှစ်ထက် ဈေးအနည်းငယ်သာ မြင့်တက်မှုရှိကြောင်း မီးပုံးများပြုလုပ်၍ ရောင်းချနေသူ ဦးမြင့်ထွေးကပြောသည်။

"ကျွန်တော်တို့က ဘိုးစဉ်ဘောင်ဆက်မီးပုံးတွေလုပ်ပြီး ဖောက်သည်ပေးတယ်။ ဝယ်သူတွေ ဈေးမများအောင် အတတ်နိုင်ဆုံးဈေးလျှော့ရောင်းပါတယ်။ ဒီနှစ်မှာ ကြားဖူးပုံလေးနဲ့ မီးပုံးကို ဒီဇိုင်းအသစ်ထုတ်ထားတယ်။ မီးပုံးကတော့ သီတင်းကျွတ်လပြည့်နားနီးမှအများကြီး ထုတ်ပါတယ်။ အမှာကလည်း အဲဒီကျမှ တိရစ္ဆာန်ရုပ်တွေကို ကြိုလုပ်ထားတယ်။ ကုန်ကြမ်းဈေးတက်ပေမယ့် မီးပုံးတွေကတော့ မနှစ်ကထက် ဈေးအနည်းငယ်ပဲ တက်ပါတယ်" ဟု ၎င်းကပြောသည်။

ထိုသို့ထုတ်လုပ်ရာတွင် မီးပုံးများသာမက ကလေးများနှစ်သက်သည့် လေယာဉ်ပျံ၊ မော်တော်ကား၊ သင်္ဘောနှင့် တိရစ္ဆာန်ရုပ်များစသဖြင့် အရုပ်အမျိုးအစား ၁၂ မျိုးကျော်ကို ဖယောင်းတိုင်မီးထွန်းလျှင် အလင်းရောင်ရရှိစေရန် တရုတ်ပြည်မှ ဝယ်ယူရသော မှန်စက္ကူနှင့်ဆီစိမ်စက္ကူများဖြင့် ပြုလုပ်ခြင်းဖြစ်ကြောင်း၊ ဈေးနှုန်းမှာလည်း အရွယ်အစား၊ ဒီဇိုင်းပုံစံပေါ်မူတည်၍အနည်းဆုံး ငွေကျပ် ၅၀၀ မှ သောင်းဂဏန်းအထိရှိကြောင်း သိရသည်။

"ရာသီစာဆိုတော့ သီတင်းကျွတ်မတိုင်မီ တော်သလင်းလကနေ စလုပ်ပြီး နယ်တွေအတွက် အော်ဒါပို့ပေးရတယ်။ ကျွန်တော်တို့ရောင်းဈေးနဲ့ လက်လီတစ်ခုချင်း ရောင်းဈေးကကွာတာပေ့ါ။ လေယာဉ်ပျံဆို ငွေကျပ် ၂၀၀၀ နဲ့ ဖောက်သည်ပေးရင် လက်လီမှာ ငွေကျပ် ၂၅၀၀-၃၀၀၀ လောက်ဖြစ်သွားတယ်။ လက်လီရောင်းတဲ့အခါ အမျိုးအစားအလိုက် ဈေးတင်ရောင်းကြတာပေ့ါ" ဟု ဆက်လက်ပြောသည်။

အဆိုပါ သီတင်းကျွတ်မီးထွန်းပွဲတော်ရာသီကုန်များကို မြန်မာနိုင်ငံအနှံ့အပြားတင်ပို့ရောင်းချနေရပြီး မှန်ရောင်စက္ကူနှင့် ဆီစိမ်စက္ကူအသုံးပြုကာ တင်းဝါးများဖြင့် ပုံစံမျိုးစုံပုံဖော်ပြုလုပ်သည့် မြန်မာ့လက်မှုပညာဖြစ်ကာ သီတင်းကျွတ်လ၏ မြန်မာ့ဓလေ့တစ်ခုလည်းဖြစ်ကြောင်း သိရသည်။

**Source:** မြန်မာ့အလင်း


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့် သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁- ၃၇၆၄၁၆

http://www.myantrade.gov.mm
myantradetir2016@gmail.com

## ကချင်ပြည်နယ်၏ စက်တင်ဘာလ ၃ ရက်မှ ၉ ရက်နေ့အတွင်း မြန်မာ-တရုတ် နှစ်နိုင်ငံ ကုန်သွယ်မှုအခြေအနေ

ကချင်ပြည်နယ်တွင် လွယ်ဂျယ်နှင့်ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းများမှ မြန်မာ-တရုတ် နှစ်နိုင်ငံကုန်သွယ်မှုများရှိခဲ့ရာ ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်မှ ၉ ရက်နေ့များအတွင်း တင်ပို့ခဲ့သည့်ကုန်ပစ္စည်းများမှာ တစ်သျှူးငှက်ပျော၊ ဆန်ကွဲနှင့် ပိုးလုံးအိမ်များ တင်ပို့ခဲ့ကြောင်း သိရှိရပါသည်။

လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏသည် ၂၇၂၉၈၈ ဒသမ ၅၈ ကန်ဒေါ်လာဖြစ်ပြီး၊ ကန်ပိုက်တည်နယ်စပ်ကုန်သွယ်ရေးစခန်းမှ တရုတ်နိုင်ငံသို့ တင်ပို့ကုန်၏ငွေပမာဏမှာ ၁၆၆၆၆၆ ဒသမ ၆၇ ဒေါ်လာဖြစ်၍ တင်ပို့ကုန်၏ငွေပမာဏ စုစုပေါင်းတန်ဖိုးမှာ ၄၃၉၆၅၅ ဒသမ ၂၅ ကန်ဒေါ်လာ တင်ပို့မှုရှိခဲ့ပါသည်။

သွင်းကုန်ပစ္စည်းများမှာ ပလပ်စတစ်ကုန်ကြမ်းပစ္စည်းများ၊ မော်တော်ဆိုင်ကယ်အပိုပစ္စည်းများ၊ ချုပ်ပြီးအဝတ်အထည်များ၊ ချည်ထည်များ၊ စက်နှင့်စက်ပစ္စည်းများ၊ ဓါတ်မြေသြဇာများ၊ အပ်ချည်ကြိုးများ၊ သံနှင့်သံမဏိဆောက်လုပ်ရေး ပစ္စည်းများ၊ စက်ဘီးအပိုပစ္စည်းများ၊ ဘတ္တရီအခြောက်များနှင့်သံပိုက်များ တင်သွင်းမှုရှိခဲ့ပါသည်။ ကန်ပိုက်တည်နယ်စပ် ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ငွေပမာဏမှာ ကန်ဒေါ်လာ ၄၄၆၀၅၅ တင်သွင်းမှုရှိခဲ့ပြီး၊ လွယ်ဂျယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ မြန်မာနိုင်ငံသို့ အမှန်တင်သွင်းကုန်၏ ငွေပမာဏမှာ ကန်ဒေါ်လာ ၂၄၅၉၉၆ ဒသမ ၄၀ ဖြစ်၍ တင်သွင်းကုန်၏ စုစုပေါင်းငွေ ပမာဏတန်ဖိုးမှာ ကန်ဒေါ်လာ ၆၉၂၀၅၁ ဒသမ ၄၀ တင်သွင်းမှုရှိခဲ့ပါသည်။

မြန်မာကျပ်ငွေနှင့် တရုတ်ယွမ် ငွေလဲနှုန်းမှာ မြန်မာငွေကျပ် ၁၀၀ လျှင် တရုတ်ယွမ် သုည ဒသမ ၃၂၉ ယွမ်ဖြစ်ပြီး၊ ၁ ယွမ်လျှင် မြန်မာကျပ်ငွေ ၃၀၃ ဒသမ ၉၅ ကျပ်ရှိကြောင်းသိရှိရပါသည်။

**Source: မနော‌မြေကုန်သွယ်မှုဗဟိုဌာန**

## ကျွန်းလှမြို့နယ်၌ မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲစင်းငုံလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲစင်းငုံလျာထားဧကထက် ကျော်လွန်စိုက်ပျိုးနိုင်ခဲ့ကြောင်း ကျွန်းလှမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ “တောင်သူတွေက ပဲစင်းငုံကို သီးသန့် စိုက်ပျိုးကြသလို အစေ့ထုတ်ပြောင်းနဲ့လည်း သီးညှပ် စိုက်ပျိုးကြပါတယ်။ ဒီနှစ် ပဲစင်းငုံ ၆၇၂၉ ဧက စိုက်ပျိုးဖို့လျာထားခဲ့ပေမယ့် ၁၁၅၁၂ ဧက ကျော်လွန်စိုက်ပျိုးနိုင်ပါတယ်” ဟု ကျွန်းလှမြို့နယ် စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်ရီက ပြောသည်။

ထိုသို့စိုက်ပျိုးနိုင်ရန် တောင်သူများကို မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု အန္တရာယ်ကင်းရှင်းရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ကွင်းဆင်းအသိ ပညာပေးလျက်ရှိကြောင်း သိရသည်။

ကျွန်းလှမြို့နယ်အတွင်းရှိ လယ်ယာမြေများသည် မိုးကောင်းသောက်ဖြစ်သော်လည်း ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် စပါး ၃၄၀၉၃ ဧက၊ ပဲမျိုးစုံ ၁၆၉၁၂ ဧက၊ ဆီထွက်သီးနှံ ဧက ၇၂၇၀၊ တခြားသီးနှံ ၁၆၉၁၅ ဧက၊ နှစ်ရှည်ပင် ၁၅၄၉ ဧက စိုက်ပျိုးထားကြောင်း သိရသည်။

**Source: Myawaddy.net.mm**

## ယခုနှစ်အတွင်း ဂျုံတန်ချိန်ပေါင်း သန်း ၃၀ တင်ပို့နိုင်မည်ဟု ရုရှားနိုင်ငံသမ္မတဆို

ရုရှားသမ္မတဗလာဒီမာပူတင်က ယခုနှစ်ကုန်တွင် စပါးတန်ချိန်သန်း ၃၀ တင်ပို့မည်ဖြစ်ကြောင်း၊ ယင်းပမာဏ ကို တန်ချိန်သန်း ၅၀ အထိတိုးမြှင့်သွားရန် အသင့်ရှိသည်ဟု စက်တင်ဘာ ၉ ရက် သောကြာနေ့တွင် ပြောကြားခဲ့သည်။ သမ္မတက အသေးစိတ်ပြောကြားခဲ့ခြင်းမရှိသော်လည်း ရုရှားအနေဖြင့် ဂျုံတန်ချိန် သန်း ၃၀ အထိ ၂၀၂၂ ဒုတိယနှစ်ဝက်တွင် တင်ပို့ရန်အဆင်သင့်ဖြစ်နေကြောင်း လယ်ယာစိုက်ပျိုးရေးဝန်ကြီးဌာနက လွန်ခဲ့သောတစ်ပတ်ကပြောကြားခဲ့သည်။

မကြာသေးမီလများအတွင်း ကမ္ဘာတစ်ဝန်း၌ စားသောက်ကုန်ဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဆင်းရဲသော နိုင်ငံများတွင်

အငတ်ဘေးစိုးရိမ်မှုများကို ဖြစ်ပေါ်စေခဲ့သည်။ထိုသို့ဖြစ်ရခြင်းသည် ကမ္ဘာတွင်ဂျုံအဓိက ထုတ်လုပ်သူများဖြစ်သည့် ရုရှားနှင့်ယူကရိန်းအရေးကြောင့်ဖြစ်ပြီး ရုရှားမှယူကရိန်း၏ ပင်လယ်နက် ဆိပ်ကမ်းများကို ငါးလကြာ ပိတ်ဆို့ထားမှုကြောင့် ဖြစ်သည်။ ထို့ကြောင့်ဇူလိုင်လတွင် တူရကီနှင့် ကုလသမဂ္ဂတို့က ရုရှားနှင့်ကြားဝင်စေ့စပ်ပေးသည့် သဘောတူညီချက်အရ ပမာဏနည်းပါးနေသေးသော်လည်း ယူကရိန်းပို့ကုန်များ ပြန်လည်စတင်ခဲ့သဖြင့် အခြေအနေများ အနည်းငယ် သက်သာရာ ရခဲ့သည်။

သို့သော် နှစ်ဖက်နိုင်ငံများမှ သဘောတူညီချက်ကို သက်တမ်းမတိုးပါက နိုဝင်ဘာလတွင် သက်တမ်း ကုန်ဆုံးမည့် အဆိုပါသဘောတူညီချက်သည် ရုရှားနှင့်အဆင်းရဲဆုံးဖြစ်သည့် နိုင်ငံများအပေါ် အကျိုးအမြတ် မရှိဟု သမ္မတပူတင်က ၎င်းနှင့်လုံခြုံရေးကောင်စီ၏ ဗုဒ္ဓဟူးနေ့အွန်လိုင်းအစည်းအဝေးတွင်ပြောကြားခဲ့သည်။

Black Sea Grain Initiative မှ ကုလသမဂ္ဂ၏ပြောရေးဆိုခွင့်ရှိသူက ယူကရိန်းမှ ထွက်ခွာသွားသော စားသောက်ကုန်များ၏ ၃၀ ရာခိုင်နှုန်းသည် ဝင်ငွေနည်းပြီး အလယ်အလတ်ဝင်ငွေရှိသောနိုင်ငံများသို့ရောက်သွားကြောင်း ဗုဒ္ဓဟူးနေ့က ပြောကြားခဲ့သည်။ သို့သော် ဈေးကွက်အခြေအနေအရ အဆိုပါရောင်းဝယ်မှုများသည် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ အတွက်မဟုတ်ပဲ စီးပွားရေးသက်သက်သာဖြစ်ခဲ့သည်ဟုလည်းဆိုကြသည်။

သဘောတူညီချက်ကို ဝေဖန်ခဲ့သည့် ပူတင်နှင့်တူကီယေးသမ္မတ အာဒိုဂန်တို့သည် လာမည့်သီတင်းပတ်၌ ဥဇဘက်ကစ္စတန်တွင် တွေ့ဆုံသည့်အခါ အဆိုပါပြဿနာကို ဆွေးနွေးကြရန် မျှော်လင့်ကြောင်း ခရင်မလင်က ပြောကြားခဲ့သည်။

ရုရှားနိုင်ငံသည် လာမည့်ရာသီသစ်တွင် ဂျုံတန်ချိန် သန်း ၅၀ တင်ပို့ရန် မျှော်မှန်းထားကြောင်း ရုရှားစိုက်ပျိုးရေး ဝန်ကြီးဌာနက ဩဂုတ် ၅ ရက်တွင် ပြောကြားခဲ့သည်။၂၀၂၃ ခုနှစ် ဇွန်လနှင့်ဇူလိုင်လ၌ ၎င်း၏ ကောက်ရိတ်သိမ်းချိန် တန်ချိန် သန်း ၁၃၀ သို့ ရောက်ရှိရမည်ဟု ပူတင်က မေလတွင်ကြေငြာချက်ထုတ်ပြန်ခဲ့သည်။

Source: Reuters/ng

## စက်တင်ဘာလ ၅ ရက်မှ ၁၀ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သည့် ဘုရင့်နောင်ကုန်စည်ဒိုင်၏ ပဲနှင့်ငရုပ်ဈေးနှုန်းများ

**မတ်ပဲနှင့်ငုံနီ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၅-၉-၂၀၂၂ မှ ၁၀-၉-၂၀၂၂ ) အတွင်း မတ်ပဲနှင့် ပဲစင်းငုံနီ ဈေးနှုန်းများမှာ (၅-၉-၂၀၂၂) နေ့တွင် မတ်ပဲ FAQ/RC (2022 Crop) ကျပ် ၁၉၉၀၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၂၃၀၀၀၀၀ နှင့် ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၂၁၀၀၀၀၀ ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မတ်ပဲ FAQ/ RC(2022 Crop) ကျပ် ၄၅၀၀၀၊ မတ်ပဲ SQ/RC (2022 Crop) ကျပ် ၅၀၀၀၀ ဈေးမြင့်တက်ခဲ့ပြီး ပဲစင်းငုံ Red/RC (2022 Crop) ကျပ် ၁၅၀၀၀ ဈေးကျဆင်းခဲ့ကြောင်းသိရသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ မတ်ပဲ FAQ/RC (2022 Crop) ကွန်တိန်နာ ၇၅လုံး (တန်ချိန် ၁၈၀၀) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**ငရုပ်**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် (၅-၉-၂၀၂၂ မှ ၁၀-၉-၂၀၂၂ ) အတွင်း ငရုပ်သီးတစ်ပိဿာ ဈေးနှုန်းများမှာ ဘုရင့်နောင် ကုန်စည်ဒိုင်တွင် (၅-၉-၂၀၂၂) တွင် ပန်းရဲငရုပ် (သစ်) ကျပ် ၁၇၀၀၀၊ မြွားနီ (ဟသ်ာတ) AC ကျပ် ၁၇၀၀၀၊ မိုးထောင် ပျော်ဘွယ် ကျပ် ၁၇၀၀၀၊ ကျောက်ဆည်ဒီမွန် ကျပ် ၁၇၀၀၀၊ ဆင်ဖြူကျွန်း ပု (ဟောင်း) ကျပ် ၁၇၀၀၀၊ မြစ်ဝ(ပု) ကျပ် ၁၅၀၀၀ နှင့် စိမ်းစား ကျပ် ၁၆၀၀၀ ဈေးအသီးသီးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မြွားနီ (ဟသ်ာတ)ကျပ် ၁၀၀၀၊ ပန်းရဲငရုပ် (သစ်) ကျပ် ၁၀၀၀၊ မိုးထောင်ပျော်ဘွယ် ကျပ် ၁၅၀၀ နှင့် မြစ်ဝ(ပု) ကျပ်၂၀၀၀၊ ကျောက်ဆည်ဒီမွန်ကျပ်၁၀၀၀ နှင့် စိမ်းစား ကျပ် ၁၀၀၀ အသီးသီးဈေးမြင့်တက်ခဲ့သည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ငရုပ်ရှည် အိတ်ပေါင်း ၂၀၀၀ (၄၀၀၀၀ပိဿာ) နှင့် ငရုတ်ပု အိတ်ပေါင်း ၁၀၀ (၁၅၀၀ပိဿာ) ဝင်ရောက်ခဲ့ကြောင်းသိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဖွံဖြိုးမှုဦးစီးဌာန**

## စက်တင်ဘာလ ၅ ရက်မှ ၁၀ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သည့် ဘုရင့်နောင်ကုန်စည်ဒိုင်၏ မန်ကျည်း၊ ထန်းလျက်၊ ကြံသကာနှင့်သကြားဈေးနှုန်းများ

**မန်ကျည်း**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၅-၉-၂၀၂၂ မှ ၁၀-၉-၂၀၂၂ ) အတွင်း မန်ကျည်းသီး (တစ်ပိဿာ) ဈေးနှုန်းများမှာ ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၅-၉-၂၀၂၂) တွင် မန်ကျည်းသီး ပွင့်ကပ် (သစ်) ကျပ် ၂၂၀၀ နှင့် မန်ကျည်းအသား (သစ်) ကျပ် ၄၀၀၀ ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း မန်ကျည်းသီးဈေးများငြိမ်လျက်ရှိကြောင်း သိရသည်။

**ထန်းလျက်၊ ကြံသကာနှင့်သကြား**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်(၅-၉-၂၀၂၂ မှ ၁၀-၉-၂၀၂၂)အတွင်းဖြစ်ပေါ်ခဲ့သော ထန်းလျက်၊ ကြံသကာနှင့် သကြား(တစ်ပိဿာ) ဈေးနှုန်းများမှာ(၅-၉-၂၀၂၂)နေ့တွင် တောင်သာမလိုင် (ဒုံး) ကျပ် ၃၀၀၀၊ ညောင်ဦးဆေးရှယ်(ထန်း) ကျပ် ၃၂၅၀၊ ပခုက္ကူကြမ်း ကျပ် ၃၀၅၀၊ ရေစကြိုထန်းလျက် ကျပ် ၃၄၀၀၊ ကြံသကာ (အိတ်သွတ်စ) ကျပ် ၂၂၅၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၂၂၆၀ ဈေးအသီးသီး ဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တောင်သာမလိုင် (ဒုံး) ကျပ် ၁၀၀၊ ညောင်ဦးဆေးရှယ်ထန်း ကျပ် ၂၀၀၊ ပခုက္ကူကြမ်း ကျပ် ၁၅၀၊ ရေစကြိုထန်းလျက် ကျပ် ၂၀၀ နှင့် သကြား (ပြည်တွင်း) ကျပ် ၁၁၀ ဈေးမြင့်တက်ခဲ့ကြောင်း သိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဗဟိုဌာန**

## ကြံဈေးနှုန်းမြင့်တက်သော်လည်း အလုပ်သမားခနှင့်ကုန်ကျစရိတ်ပိုလာ၍ တောင်သူရပိုင်ခွင့်နည်းပါး



Source: မြန်မာ့အလင်း

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင်နယ်စပ်ရှိ ကြံစိုက်ပျိုး တောင်သူများ သကြားဈေးမြင့်တက်လာ၍ ကြံဈေးမြင့်တက်လာခဲ့သော်လည်း အလုပ်သမားခ နှင့် ကုန်ကျစရိတ်ပိုလာသဖြင့် တောင်သူများ အကျိုးအမြတ်နည်းပါးနေကြောင်း ကြံတောင်သူများထံမှ သိရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်မှာ ကြံဈေး ကျပ် ၆၄၀၀၀ ဒီဇယ် တစ်ပီပါ ကျပ် ၂၅၀၀၀၀ ဖြစ်ခဲ့ရာ ကြံတောင်သူများ ကြံတိုးချဲ့စိုက်ပျိုးခြင်းထက် ကြံထွက်နှုန်း မကျဆင်းရေးကိုသာ ဦးစားပေးစိုက်ပျိုးခဲ့ကြရသည်။ ၂၀၂၂-၂၀၂၃ ဘဏ္ဍာ နှစ်တွင် ကြံဈေးနှုန်းတစ်တန်လျှင် ကျပ် ၇၉၀၀၀ နှင့် မိုင် ၂၀ ကျော်လျှင် ကျပ် ၅၀၀၊ မိုင် ၃၀ ကျော်လျှင် ကျပ် ၁၀၀၀၊ မိုင် ၄၀ ကျော်လျှင် ကျပ် ၁၅၀၀ နှုန်းဖြင့်သယ်ယူစရိတ် ပိုတိုးပေးခဲ့သော်လည်း တောင်သူများ အမြတ်နည်းပါးလျက်ရှိသည်။

ယခုနှစ်မှာ အစစအရာရာဈေးမြင့်တက်ခဲ့ရာ ယခင်ကမြေဆီတစ်အိတ်လျှင် ကျပ် ၂၅၀၀၀၊ ယခုမြေဆီဈေးမှာ တစ်အိတ်လျှင် ကျပ် ၁၂၀၀၀၀၊ ယခုနှစ်သကြားဈေးမှာ တစ်ပိဿာကျပ် ၂၂၀၀ ခန့်ဖြစ်သော်လည်း ထွန်ယက်ခအလုပ်သမား ကုန်ကျစရိတ်မှာ ကျပ် ၁၆၀၀ မှ ၁၈၀၀ ခန့် ကုန်ကျရာ ပေးထားဈေးမှာ ကြံတစ်တန်လျှင် ကျပ် ၈၀၀၀၀ ခန့်သာရှိသည့်အတွက် ကျပ်တစ်သိန်းခန့်တိုးပေးပါက နှစ်ဦးနှစ်ဖက်အဆင် ပြေနိုင်ပြီး ကြံတောင်သူများ အလုပ်အကိုင်အခွင့်အလမ်း ကောင်းလာနိုင်ကြောင်း ကြံတောင်သူတစ်ဦးကပြောသည်။

ကြံဈေးနှုန်းမှာ သမိုင်းတစ်လျှောက် အမြင့်ဆုံးဈေးနှုန်းသို့ တက်လာသော်လည်း ဒီဇယ်ဆီဈေး၊ သယ်သူစရိတ်၊ မြေဆီဈေး၊ အလုပ်သမားခမြင့်တက်လာမှုကြောင့် ယခုနှစ်တွင် စိုက်ခင်းများကို ပေါင်းရှင်းမြေဆီထည့်ပေးခြင်းသာ လုပ်ကိုင်နေရပြီး တစ်ဧကလျှင် ကြံ ၁၈ တန်ကျော်ခန့်သာထွက်ရှိနိုင်ကြောင်း၊ ကသာခရိုင်အတွင်းရှိ တစ်ကောင်း၊ မောင်းကုန်း၊ ယင်းခဲ၊ ငါးအိုး၊ သုံးပွင့်ဆုံနယ်နိမိတ်ရှိ ကြံတောင်သူများ အကျိုးအမြတ်နည်းပါးနေခြင်းကို ကုမ္ပဏီများက ထည့်သွင်းစဉ်းစားပေးသင့်ကြောင်း ဆက်လက်ပြောပြခဲ့သည်။

Source: မြန်မာ့အလင်း

## စက်တင်ဘာလ ၅ ရက်နေ့မှ ၉ ရက်နေ့အတွင်းဖြစ်ပေါ်ခဲ့သည့် ဘုရင့်နောင်ကုန်စည်ဒိုင်၏ အာလူး၊ ကြက်သွန်၊ ကြက်သွန်ဖြူ ဈေးနှုန်းများ

**အာလူး**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင် ( ၅-၉-၂၀၂၂ မှ ၉-၉-၂၀၂၂ ) အတွင်း အာလူးတစ်ပိဿာ ဈေးနှုန်းများမှာ(၅-၉-၂၀၂၂) တွင် အောင်ပန်းA1 ကျပ် ၁၃၅၀၊အောင်ပန်း OK ကျပ် ၁၄၅၀၊ အောင်ပန်းS1 ကျပ် ၁၅၅၀ နှင့် အောင်ပန်းS2 ကျပ် ၂၁၅၀နှင့် တရုတ်အာလူး ကျပ် ၂၀၅၀ အသီးသီးဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း တရုတ်အာလူး ကျပ် ၁၅၀ ဈေးမြင့်တက်ခဲ့ပြီး ကျန် အာလူးများဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ အာလူးကားစီးရေ ၄၁ စီး (၂၄၆၀၀၀ ပိဿာ) ဝင်ရောက် ခဲ့ကြောင်း သိရသည်။

**ကြက်သွန်နီ**

ဘုရင့်နောင်ကုန်စည်ဒိုင်သို့ (၅-၉-၂၀၂၂ မှ ၉-၉-၂၀၂၂) အတွင်း ဆိတ်ဖြူနှင့် မုံရွာမြို့ တို့မှကြက်သွန်နီများ ဝင်ရောက်လျက်ရှိသည်။ ကြက်သွန်နီ (တစ်ပိဿာ) ဈေးနှုန်းများမှာ (၅-၉-၂၀၂၂) နေ့တွင် ဆိတ်ဖြူရှယ်(သစ်) ကျပ် ၃၅၀၀၊ ဆိတ်ဖြူလတ်ကြီး ကျပ် ၃၄၀၀၊ ဆိတ်ဖြူ လတ်သန့် ကျပ် ၃၂၅၀ နှင့် ဆိတ်ဖြူလတ်ချော ကျပ် ၂၇၅၀၊ မုံရွာ(ရှယ်)သစ် ကျပ် ၃၇၀၀၊ မုံရွာ လတ်ကြီး ကျပ် ၃၆၀၀၊ မုံရွာလတ်ချော ကျပ် ၃၄၀၀ နှင့် မုံရွာလတ်သန့် ကျပ် ၃၀၀၀ အသီးသီး ဈေးဖြစ်ခဲ့သည်။ တစ်ပတ်အတွင်း ဆိတ်ဖြူ လတ်သန့် ကျပ် ၅၀၊ ဆိတ်ဖြူလတ်ချော ကျပ် ၁၅၀၊ မုံရွာလတ်ချော ကျပ် ၁၀၀ နှင့် မုံရွာလတ်သန့် ကျပ် ၂၀၀ အသီးသီးဈေးမြင့်တက်ခဲ့ပြီး ကျန်ကြက်သွန်နီများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်း ကုန်စည်ဒိုင်သို့ ကြက်သွန်နီကားစီးရေ ၁၀၄ စီး (၆၂၄၀၀၀ပိဿာ) ခန့် ဝင်ရောက် ခဲ့ကြောင်း သိရသည်။

**ကြက်သွန်ဖြူ**

ဘုရင့်နောင်ကုန်စည်ဒိုင်တွင်( ၅-၉-၂၀၂၂ မှ ၉-၉-၂၀၂၂ )အတွင်းကြက်သွန်ဖြူ(တစ်ပိဿာ) ဈေးနှုန်းများမှာ ( ၅-၉-၂၀၂၂ ) တွင် ကြူကုတ်ရှယ် ကျပ် ၄၈၀၀၊ အောင်ပန်းထူး-၂ ကျပ် ၂၇၀၀၊ အောင်ပန်းထူး-၃ ကျပ် ၃၂၀၀၊ အောင်ပန်းထူး-၄ ကျပ် ၃၇၀၀ နှင့် အောင်ပန်းထူး-၅ ကျပ် ၄၂၀၀ အသီးသီးဈေးဖြစ်ခဲ့သည်။တစ်ပတ်အတွင်း ကြက်သွန်ဖြူကြူကုတ်ရှယ်ကျပ် ၅၀၀၊အောင်ပန်းထူး- ၂ ကျပ် ၁၀၀ နှင့် အောင်ပန်းထူး-၄ ကျပ် ၁၀၀ ဈေးအသီးသီး ကျဆင်းခဲ့သည်။ ကျန်ကြက်သွန်ဖြူများ ဈေးငြိမ်လျက်ရှိသည်။ တစ်ပတ်အတွင်းကုန်စည်ဒိုင်သို့ ကြက်သွန်ဖြူအိတ်ရေ ၁၄၀၀ ( ၄၂၀၀၀ ပိဿာ) ဝင်ရောက်ခဲ့ကြောင်း သိရသည်။

**Source: ပြည်တွင်းကုန်သွယ်မှုဗဟိုဌာန**

## စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်း တစ်ပိဿာလျှင် ကျပ် ၄၇၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်း ကြီးကြပ်ရေး ကော်မတီအနေဖြင့် စားအုန်းဆီကမ္ဘာ့ဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှုနှင့်အညီ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများ ဖြစ်ပေါ်စေရေး ထိန်းကျောင်းဆောင်ရွက်လျက်ရှိပြီး စားအုန်းဆီ အဓိကထုတ်လုပ်တင်ပို့သည့် မလေးရှားနိုင်ငံနှင့် အင်ဒိုနီးရှား နိုင်ငံတို့တွင်ဖြစ်ပေါ်နေသည့် FOB ဈေးနှုန်းများကို နေ့စဉ်စောင့်ကြည့်ကာ သယ်ယူပို့ဆောင်ခ ကုန်ကျစရိတ်များ၊ ဘဏ်စရိတ်များ၊ အခွန်အခများ ထည့်သွင်းတွက်ချက်၍ ပြည်တွင်းဈေးကွက်၌ ရောင်းဝယ်ဖောက်ကားရမည့် အခြေခံ လက်ကားရည်ညွှန်းဈေးနှုန်းကို ထုတ်ပြန်ပေးလျက်ရှိသည်။

ယခုအပတ်အတွင်း ကမ္ဘာ့စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၂ ခုနှစ် စက်တင်ဘာလ ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၄၇၃၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာထားသည်။

ထို့ပြင် ပြည်တွင်းဈေးကွက်အတွင်း ဈေးနှုန်းမြင့်တင်ရောင်းချခြင်း၊ ဈေးကစားရန်ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းနှင့် မသမာသည့်လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့်ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေးထုတ်ပြန်ထားသည်။

အဆိုပါ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းများကို စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက် www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံ ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။

**Source:** ကြေးမုံ

## STOCK EXCHANGE (13.9.2022)

YANGON STOCK EXCHANGE

Home | About YSX | Main Board (MB) | Pre-Listing Board (PLB)

Home > Main Board > Market Data > Stock trading data

### Stock trading data

As of 13th Sep. 2022

**Stock trading**

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 9,300 | -500 | -5.10% | 9,600 | 9,700 | 9,300 | 938 | 8,854,100 | 33,109,694 | 307,920 |
| MTSH | 00002 | 3,250 | -150 | -4.41% | 3,400 | 3,400 | 3,250 | 11,259 | 37,649,900 | 38,929,150 | 126,520 |
| MCB | 00003 | 7,900 | +0 | +0.00% | 7,900 | 7,900 | 7,900 | 0 | 0 | 10,400,986 | 82,168 |
| FPB | 00004 | 21,000 | +0 | +0.00% | 21,000 | 21,000 | 21,000 | 802 | 16,842,000 | 2,472,053 | 51,913 |
| TMH | 00005 | 2,800 | +0 | +0.00% | 2,800 | 2,800 | 2,800 | 3,340 | 9,352,000 | 12,823,224 | 35,905 |
| EFR | 00006 | 2,650 | -150 | -5.36% | 2,700 | 2,700 | 2,650 | 205 | 550,000 | 19,977,223 | 52,940 |
| AMATA | 00007 | 5,500 | +0 | +0.00% | 5,500 | 5,500 | 5,500 | 0 | 0 | 10,497,598 | 57,737 |

### Market summary

As of 13th Sep. 2022

**Today's summary**

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 411.07 | -14.59 | -3.43% | 420.71 | 422.61 | 411.07 | 16,544 | 73,248,000 | 7 | 715,103 |

**Index chart**




## Market Overview

### Main Board

As of 1:00 pm, 13th Sep. 2022

| MYANPIX | 411.07 ▼ 14.59 |
|---|---|
| Total Volume (shares) | 16,544 |
| Total Value (MMK) | 73 mil |
| Listed Company | 7 |
| Market Cap. (MMK) | 715,103 mil |

| Name | Code | Price | Change |
|---|---|---|---|
| FMI | 00001 | 9,300 | ▼ 500 |
| MTSH | 00002 | 3,250 | ▼ 150 |
| MCB | 00003 | 7,900 | ▲ 0 |
| FPB | 00004 | 21,000 | ▲ 0 |
| TMH | 00005 | 2,800 | ▲ 0 |
| EFR | 00006 | 2,650 | ▼ 150 |
| AMATA | 00007 | 5,500 | ▲ 0 |